# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# (တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင်ရယူခြင်း ကိစ္စအမိန့်ကြော်ငြာစာ)
# အမိန့်ကြော်ငြာစာအမှတ် ၁/၉၆
## ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
## (၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ ၃၇ နှင့် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်နေသူက အောက်တွင် သတ်မှတ်ထားသည့်အတိုင်း တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရန် ကြေငြာလိုက်သည်-

၁။ မိမိထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးကို မှတ်ပုံတင်ပေးရန် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် မတိုင်မီ သက်ဆိုင်ရာ မြို့နယ်တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂။ တိုင်းရင်းဆေးဝါးမှတ်ပုံတင် ရရှိပြီး ရက်ပေါင်း ၃၀ အတွင်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင် ရရှိရန် သက်ဆိုင်ရာ မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထား ရမည်။

၃။ အပုဒ် (၁) အရ လည်းကောင်း၊ အပုဒ် (၂) အရ လည်းကောင်း လျှောက်ထားနေစဉ်အတွင်း တိုင်းရင်း ဆေးဝါးထုတ်လုပ်သည့် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

စောထွန်း
ဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန